# သင့်စိတ်ကြိုက် ဘာသာစကားဖြင့် အခမဲ့အကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရယူပါ

ဆက်သွယ်ပြောဆိုခြင်းနှင့် နားလည်ခြင်းသည် သင်၏ ကျန်းမာရေးနှင့်ပတ်သက်လာလျှင် အလွန် အရေးကြီးသည်။ သင်က သင်၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ပြောဆိုလိုပါက သို့မဟုတ် ဖတ်ရှုလိုပါက သင်သည် အခမဲ့ ဘာသာစကား ဝန်ဆောင်မှုများကို တောင်းဆိုပိုင်ခွင့်ရှိသည်။ ၎င်းတွင် စကားပြန်များနှင့် သင့်စိတ်ကြိုက် ဘာသာစကားဖြင့် ရေးသားထားသော သတင်းအချက်အလက်များ ပါဝင်သည်



## စကားပြန် ဝန်ဆောင်မှုများ

စကားပြန်တစ်ယောက်သည် အောက်ပါတို့အတွက် သင့်ကို ကူညီပေးနိုင်သည်-

- ဆရာဝန်နှင့် ရက်ချိန်းယူရန်
- သင်၏ ဆရာဝန် သို့မဟုတ် သူနာပြုနှင့် စကားပြောဆိုရန်
- အရေးပေါ် ပြုစုစောင့်ရှောက်မှု ရယူရန်
- တိုင်ကြားရန်၊ မကျေနပ်ချက် သို့မဟုတ် မေတ္တာရပ်ခံချက် တင်သွင်းရန်

## စကားပြန် ရယူနည်း

- ဆရာဝန်ထံသို့ သင် သွားသောအခါ ကျွန်ုပ်တို့၏ စကားပြန်တောင်းဆိုမှုကတ်များအနက် တစ်ခုကို အသုံးပြုပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် သင် ပြောဆိုသော ဘာသာစကားကို သူတို့ သိနိုင်မည်ဖြစ်သည်။ ကတ်ကို **molinahealthcare.com/wi-language**တွင် ဒေါင်းလုဒ်ဆွဲနိုင်သည်။
- သင့်တွင် ရက်ချိန်းရှိလျှင် သင်၏ ဆရာဝန်သည် စကားပြန် ရှာဖွေရန် သင့်အား ကူညီပေးနိုင်သည်။
- သင်သည် တနင်္လာနေ့မှ သောကြာနေ့၊ မနက် 8 နာရီမှ ညနေ 5 နာရီအတွင်း **(888) 999-2404 (TTY: 711)**မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဖုန်းခေါ် နိုင်ပါသည်။ စကားပြန်နှင့် စကားပြောနိုင်ရန် တောင်းဆိုပါ။

## သင့်စိတ်ကြိုက် ဘာသာစကားဖြင့် ရေးသားထားသော သတင်းအချက်အလက်များကို ရယူနည်း

- ကျန်းမာရေးသတင်းအချက်အလက်များကို ဘာသာစကားများစွာဖြင့် ဖတ်ရှုသုံးစွဲနိုင်ရန် **molinahealthcare.com/wi-healthed**သို့ ဝင်ရောက်ကြည့်ရှုပါ။
- သင်သည် **(888) 999-2404 (TTY: 711)**မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဖုန်းခေါ် နိုင်ပါသည်။

## သင့်စိတ်ကြိုက် ဘာသာစကားဖြင့် ပံ့ပိုးကူညီမှုကို မရရှိလျှင် သို့မဟုတ် ငြင်းပယ်လိုက်လျှင် သင်သည် တိုင်ကြားနိုင်သည်

- သင်သည် သင့်စိတ်ကြိုက် ဘာသာစကားဖြင့် ပြုစုစောင့်ရှောက်မှုကို ရယူသုံးစွဲနိုင်ကြောင်း ကျွန်ုပ်တို့ သေချာလိုပါသည်။ ၎င်းနှင့်ပတ်သက်၍ သင့်တွင် ပြဿနာများ ရှိပါက **(888) 999-2404 (TTY: 711)**မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဖုန်းခေါ် နိုင်ပါသည်။

molinahealthcare.com/WI

MOLINA® HEALTHCARE